# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ

## ၁၉၇၃

## ခုနှစ်၊ရှမ်းပြည်နယ်ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်အက်ဥပဒေ၊ကချင်ပြည်နယ်ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်အက်ဥပဒေ၊ကယားပြည်နယ်ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်အက်ဥပဒေနှင့်ကရင်ပြည်နယ်ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေတို့ကိုရုပ်သိမ်းသည့် ဥပဒေ

**[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၉။]**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။**

**(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (က) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ရှမ်းပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေ၊ ကချင်ပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေ၊ ကယားပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေနှင့် ကရင်ပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (က) ဤဥပဒေဖြင့် ၁၉၅၄ ခုနှစ်၊ ရှမ်းပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေ၊ ၁၉၅၄ ခုနှစ်၊ ကချင်ပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေ၊ ၁၉၅၆ ခုနှစ်၊ ကယားပြည်နယ်ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေနှင့် ၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေတို့ကို ရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ ရုပ်သိမ်းလိုက်သည့်အခါ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။

၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။

ခုနှစ်၊ရှမ်းပြည်နယ်ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်အက်ဥပဒေ၊ကချင်ပြည်နယ်ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်အက်ဥပဒေ၊ကယားပြည်နယ်ကိုယ်ပိုင်

ကျောင်းများမှတ်ပုံတင်အက်ဥပဒေနှင့်ကရင်ပြည်နယ်ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေတို့ကိုရုပ်သိမ်းသည့် ဥပဒေ

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။